ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

ပဉ္စမနေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက် )**

**[သောကြာနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ နံနက် ၁၀ဝဝ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ အိန္ဒိယနယ်စပ်လမ်းတွင် လုံဝသိခ်နှင့်ဂမ်းညကြားရှိ ဝါးချောင်းကိုလည်းကောင်း၊ ဂမ်းညနှင့် ယမ်းကြုန်း ကြားရှိ ယမ်းကြုန်းချောင်းကိုလည်းကောင်း ပေ(၁၀ဝ)ရှိ ဘေလီတံတားနှစ်စင်း တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က အကျိုးပြုကျေးရွာ ၊ အိမ်ခြေ၊ အိမ်ထောင်စုအရေအတွက် ၊ ဒေသအတွက် အမှန်တကယ်လိုအပ်မှုရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ထောက်ခံ တင်ပြလာပါ က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေခွင့်ပြုချက်ရရှိမှု အပေါ်မူတည်ပြီး ဦးစားပေး အစီအစဉ်အလိုက် စိစစ်လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(ခ) ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကချင်ပြည်နယ်၊ ဝိုင်းမော် မြို့နယ်အတွင်းရှိ ဆဒုံး-ဆဂါ ပါ ကျောက်ခင်းလမ်း (၃)မိုင်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းခင်းပေးရန်** အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ဋ ယင်းဒေသသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အခြေပြုရာနယ်မြေနှင့် နီးကပ်စွာတည်ရှိနေသော ကြောင့် အဆိုပါလမ်းဖောက်လုပ်ရေးကို နယ်မြေလုံခြုံရေး အခြေအနေ အရ လတ်တလောဆောင်ရွက်ရန် မသင့်တော်သေးကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိလာသည့်အချိန်မှသာ စဉ်းစားဆောင်ရွက် သင့်သည့် လမ်းဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **ရှမ်းပြည်နယ် တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်အတွင်းရှိ တပ်ကြီးကျေးရွာမှ ညောင်ကောက်ကျေးရွာအထိ မြေသားလမ်း(၁)မိုင်အား ကျောက်ချောလမ်းအဖြစ်နှင့် ကျန်ကျောက်ချောလမ်း (၃)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ဋ က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ တင်ပြချက်အပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စိစစ်ထောက်ခံ တင်ပြလာပါက ၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်ပြီး အပိုင်းလိုက် စိစစ်လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြား သည်။

(ဃ) ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ကလေးလေဆိပ် အဆောက်အအုံနှင့် လေဆိပ်၏ပရဝဏ်အား အဆင့်မြှင့်တင်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး က လေဆိပ်အဆောက်အဦ၏ အထွက်ခရီးသည်များ စောင့်ဆိုင်းနားနေခန်းတွင် ဌာနရှိ ပြုပြင်ပြီး(၁၀)တန် လေအေးပေးစက်(၁)လုံးကို အမြန်ဆုံးတပ်ဆင် ပေးသွားမည်ဖြစ်သည့်အပြင် ကလေးလေဆိပ်သို့ တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ်များနှင့် နှစ်စဉ် တိုးတက်လာမည့် ခရီးသည်ဦးရေကို မျှော်မှန်း၍ လက်ရှိလေဆိပ် အဆောက်အဦ (၁၂၀x၆၀)ပေကို (၁၂၀x၁၀၀)ပေ ရရှိသည်အထိ တိုးချဲ့ခြင်း နှင့်အဆောက်အဦ ပြုပြင်ခြင်းလုပ်ငန်းများအတွက်၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တို့တွင် လျာထားမှုရှိပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကလေး လေဆိပ် ခရီးသည်အဆောက်အဦကို တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ

ဆောင်ရွက်ရာတွင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် အဆောက်အဦသို့ ကားအဝင်/အထွက် ပြုပြင်ခြင်းနှင့် လေအေးပေးစက်အသစ်များ တပ်ဆင်ခြင်း တို့ကိုပါ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

(င) ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့သို့ ဆက်သွယ်ဖောက်လုပ် ခဲ့သည့် ဟင်္သာတ - လှိုင်သာယာ မီးရထားလမ်း အား ပြန်လည်ပြေးဆွဲပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး က ရန်ပုံငွေခွင့်ပြုချက်ရရှိနိုင်မှု အခြေအနေအရ နိုင်ငံ၏အဓိက ရထားလမ်းကြောင်းများဖြစ်သော ရန်ကုန်-မန္တလေး၊ ရန်ကုန်-ပြည်၊ ရန်ကုန်-မော်လမြိုင်၊ မန္တလေး-မြစ်ကြီးနား ရထားလမ်းပိုင်းများကို ဦးစား ပေး၍ အဆင့်မြှင့်တင်နေရခြင်းကြောင့်လည်းကောင်း၊ လှိုင်သာယာ- ဟင်္သာတလမ်းပိုင်းတွင် ရထားစီးခရီးသည် စီးနင်းမှုနည်းပါးခြင်းကြောင့် လည်းကောင်း၊ အဆိုပါလမ်းပိုင်းကို ပြုပြင်တည်ဆောက်ခြင်း၊ ရထားစီးခရီးစဉ်များပြန်လည်ပြေးဆွဲခြင်းတို့ကို ဆောင်ရွက်ရန် အစီအစဉ် မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်း**

၃။ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ဆက်လက်ဆွေးနွေးသည်။

**အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ ဒေါ်အုန်းကြည်(ခ)ဒေါ်လှဌွေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) (ဥပဒေကြမ်း ကော်မတီဝင်) က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါ က အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၅။ အစည်းအဝေးကို ၁၀၅၈ နာရီအချိန်တွင် ရပ်နားပြီး ဆဋ္ဌမနေ့ အစည်းအဝေးကို ၆-၈-၂၀၁၈ ရက်နေ့ (တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**